ငါးမိုင်ကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ငါးမိုင်ကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကုလကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကျောက်ဆည်မြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ငါးမိုင်ကျေးရွာ

မိုးညှင်းမြို့နယ်

ငါးမိုင် ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘိုနှင့်မြစ်ကြီးနားကားလမ်းမကြီးပေါ်တွင်တည်ရှိပါသည်။အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ၊ဌာနဆိုင်ရာများ ရုံးစိုက်ရာ(ငါး)မိုင်ကွာဝေးသော ဟိုပင်မြို့နှင့်နီးစပ်၍ ဖုန်းနှင့်သော် လည်းကောင်းဆက်သွယ်သွားလာရာတွင် လွယ်ကူပါသည်။ကျေးရွာသည် ကားအရှေ့၊အနောက် မြေပြန့်ဒေသဖြစ်၍အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ် ၍ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ကျေးရွာတွင် ဆည်တည်ဆောက်ဆဲဖြစ်၍ လက်ရှိ အနေအထားမှာ လယ်ယာစိုက်ပျိုးရေးအတွက် မိုးရေခံဖြစ်သည်။ရွာနံဘေးတွင် နန်းခွင်ချောင်းရှိ၍ (၂)မိုင်ဝေးသောနေရာတွင် နန့်ရင်းချောင်းရှိ၍ တချို့ချောင်းနံဘေးတွင် မြေပဲများစိုက်ပျိုးကြပြီး၊ လယ်ယာမြေများသည်စပါး၊ပဲ စိုက်ပျိုးရန်အားထားရာဖြစ်သည်။ရွာနံဘေးချောင်းတွင် ကမ်းပါး ပြို သော်လည်း လက်ရှိအနေအထားမှ အစိုးရမှ ရေကာတာများဆောက်လုပ်ပြီးစီးထားပြီးဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် မြေပြန့်ဒေသဖြစ်၍လယ်ယာမြေအသင့်အတင့်ပိုင်ဆိုင်ပြီး၊ မြေဆီ လွှာအနေအ ထားမှာလည်းသဘာဝမြေဩဇာ နွားချေးထည့်၍ သုံးခြင်းဖြင့် အသင့်အတင့်ရှိပါသည်။ရွာတွင် သယံဇာတ ပစ္စည်းများမထွက်ရှိပါ။တောင်သူများသည် မိုးတွင်းအခါ စပါးစိုက်ရန်မိုးရေခံ၊မြေအောက်ရေကို တစ် ပေါက်ကျင်းသော်လည်းကောင်း၊ နှစ်ပေါက် ကျင်းသော်လည်း ကောင်းအသုံးပြုစိုက်ပျိုးကြသည်။မြေပဲ နှင့်အခြားသီးနှံများကိုလည်း ဤရေဖြင့်အသုံးပြုစိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၅၀)စုနှင့်ကျား(၆၈၉)၊မ(၆၇၄)ဦးဖြင့်လူဦးရေစုစုပေါင်း (၁၃၆၃) ဦးရှိပြီး၊လူဦးရေ၏ စုစုပေါင်း ရာခိုင်နှုန်းမှာ(၁၀၀)%ရှိပြီး၊အိမ်ထောင်စု(၂၅၀)စု၏ တစ်အိမ် ထောင်ရှိ ပျမ်းမျှလူဦးရေမှာ (၅)%ဖြစ်သည်။ကျေးရွာတွင် ရှမ်းကြီး၊ရှမ်းနီများနေထိုင်ပြီး ဗမာ လူမျိုးအနည်းငယ်ရှိသည်။ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနိုင်သောဘွဲ့ရပညာတတ် များလူငယ်များ၊အမျိုးသမီးများကို လူသားအရင်းမြစ်ကောင်းတရပ်ဖြစ်စေရန်လေ့ကျင့်သင်ကြား ပေးပြီး စွမ်းဆောင်နိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းသည် အဓိက ဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိပါသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၆၄%သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး ၁၂%သည် ချမ်းသာသည့်အဆင့်၂၄%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။စိုက်ပျိုး ရေးတွင်ဆည်မြောင်းသွင်းမရှိသော်လည်း နှစ်ပေါက်ကျင်း သုံးပေါက်ကျင်းများဟူ၍ ပဲ၊ဖရဲ၊စပါးများ စိုက်ပျိုးကြပါသည်။ကျေးရွာတွင် လက်သမား၊ပန်းရံ၊ဆန်ကြိတ်စက်၊စက်ချုပ်၊ဈေးရောင်းစသော အသေးစားအိမ်တွင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။အချို့သော အစိုးရဝန်ထမ်းများမှာ လယ်ယာလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြ၍ ငွေရေးကြေးရေးအဆင်ပြေကြပါသည်။

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ ၅၅%ရှိ၍ ဆင်းရဲသော မိသားစုများ များပြားသည်။ အလယ် အလတ်တန်းစား တောင်သူများတွင် လက်တွန်းထွန်စက်များရှိကြ၍ လုပ်ငန်းခွင် တွင်ကျယ်စွာဖြင့် ဆောင်ရွက်နိုင်ကြပါသည်။ရေစုပ်စက်များပေါများ၍ စိုက်ပျိုး ရေးအဆင်ပြေစေပါသည်။ခြွေလှေ့စက် မှာ ၃၃သာရှိ၍ အခြားရွာများမှ ငှားရမ်း အသုံးပြုနေရပါသည်။ရာသီဥတု အခြေအနေများကြောင့် စပါးရိတ်သိမ်းချိန်မှီရန် ရိတ်သိမ်း ခြွေလှေ့စက်များရှိပါက ပို၍အဆင်ပြေပါမည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၃၀)မှာ မြေယာပိုင်ဆိုင်သူများဖြစ်ကြသည်။ အိမ်၏ အခြေအနေမှာ တိုက်အိမ်၊သွပ်မိုး၊ပျဉ်ခင်းနှင့်မြေယာပိုင်ဆိုင်မှုမှာ (၁၀)ဧကအထက်ရှိပြီး လက်တွန်း ထွန်စက်၊တောင်ပေါ်ကွဲ၊ခြွေလှေ့စက်များပိုင်ဆိုင်ကြသည်။အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုး ရေး၊စပါးအရောင်းအဝယ်၊ဆန်စက်၊ဟာလာစက်၊ကား စသည့်လုပ်ငန်းဖြင့် လုပ်ကိုင်ကြသည်။အိမ် ထောင်စု(၃၀)အဆင်ပြေသော ရာခိုင်နှုန်းမှာ (၉%)ဖြစ်သည်။ အလယ်အ လတ်ရှိသော အိမ်ထောင်စု (၅၈)၏ အခြေအနေမှာ သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်းဖြစ်သည်။

အဓိကလုပ်ငန်းမှာ၊လယ်ယာစိုက်ပျိုး ရေးဖြစ်ပြီး၊လယ်ယာပိုင်ဆိုင်မှုမှာ(၅)ဧကအထက်ဖြစ်ကြသည်။ အခြားပိုင်ဆိုင်သောပစ္စည်းများမှာ ချုပ်စက်၊ဆိုင်ကယ်ဖြစ်ပြီး ရာခိုင်နှုန်းမှာ(၁၇%)ဖြစ်သည်။ ဆင်းရဲသောအိမ်ထောင်စုဦးရေမှာ (၇၆) အိမ်ဖြစ်ပြီး ၊အိမ်အခြေအနေမှာ သွပ်မိုး၊ပျဉ်ခင်း၊ ထရံကာဖြစ်ပြီး ပိုင်ဆိုင်မှုမှာ စက်ဘီးရာခိုင်နှုန်းမှာ ၂၃%ဖြစ်သည်။အလွန်ဆင်းရဲသော အိမ်ထောင်စုဦးရေမှာ(၈၆)အိမ်ဖြစ်ပြီး အိမ်အခြေအနေမှာ သက် ကယ်မိုး၊ကြမ်းခင်း ထရံကာဖြစ်ပြီး ပစ္စည်းပိုင်ဆိုင်မှုများမှာ အားနည်းသည်။ရာခိုင်နှုန်းမှာ (၂၆%) ဖြစ်သည်။

ဝမ်းစာဖူလုံမှုတွင်(၃လ)အောက်အိမ်ထောင်စုဦးရေမှာ(၁၇)အိမ်ဖြစ်ပြီး၊ရာခိုင်နှုန်းမှာ(၇) ရာခိုင်နှုန်းဖြစ်၍ ဆွေမျိုး(သို့) မိတ်ဆွေများထံမှ ချေးယူသည်။(၃လ)နှင့်(၆လ)အောက် အိမ်ထောင်စုဦးရေမှာ (၂၃)အိမ်ဖြစ်ပြီး ရာခိုင်နှုန်းမှာ(၉%)ဖြစ်သည်။ဆွေမျိုး(သို့)မိတ်ဆွေများထံမှ ချေးယူသည်။ (၆လ)မှ(၁၂လ)အထိ အိမ်ထောင်စုဦးရေမှာ (၉)အိမ်ဖြစ်ပြီးရာခိုင်နှုန်းမှာ(၄%)ဖြစ်၍ အပေါင်ဆိုင်နှင့် ဆွေမျိုးများထံမှ ချေးယူသည်။အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုဦးရေမှာ(၁၅)အိမ်ဖြစ်ပြီး အိမ်ထောင်စုအလိုက် မိမိ မိသားစုစားဝတ်နေရေးအတွက် အလုပ်အကိုင်အတည်တကျ မရှိဘဲ ခက်ခဲစွာလုပ်ကိုင်စားသောက်နေရသည်။

ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုအခြေအနေသည် လူဦးရေ(၃၄၂)သည် ဝမ်းစာဖူလုံသူများဖြစ်သည်။ကျန်တစ်ပုံသည် ဝမ်းစာမဖူလုံပြီး အလုပ်များရှားပါး၍ ကျပန်းအလုပ်များလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းကြသည်။တိုးချဲ့မြေများရှားပါး၍ စိုက်ပျိုးရန်ရေအနေအထားမှာ မိုးရေခံဖြစ်သည်။ချောင်းနားကမ်းနားတွင် ရေကြီး၍ မြေပြိုခြင်းများ အသင့်အတင့်ရှိကာ မိုးခေါင်ခြင်းများ အလယ်အလတ်ရှိသည်။ရာသီအလိုက်စိုက်ပျိုးနိုင်သည်။အအေးလွန်ကဲ၊မုန်တိုင်း၊ငလျင်၊မီးဘေးတို့မှ ရင်ဆိုင်ကြုံတွေ့မှုနည်းပါသည်။မြေပြိုခြင်း၊သစ်တောပြုန်တီးခြင်း၊ငှက်ဖျားရောဂါ၊တီဘီရောဂါ၊ တိရိစ္ဆာန်ကူးစက်ရောဂါတို့သည် နည်းပါး၍ လမ်းပန်းဆက်သွယ်ရေးတွင် အချို့နေရာ၌ လွယ်ကူ၍ အချို့နေရာ၌ ခက်ခဲလှသည်။

ကျေးရွာတါင်အလုပ်အကိုင်နည်းပါး၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ဟောပြောပွဲများမရှိသည့်အတွက် လူငယ်များ၊မူးယစ်ဆေးသုံးစွဲသူများရှိသည်။အချို့အိမ်ထောင်စုတွင် အမျိုးသမီးဦးဆောင်၍ဝင်ငွေအားနည်းသည်။ချောင်းဘေးကမ်းတွင် နေထိုင်သူများအန္တရာယ်ရှိသည်။ပြည်ထောင်စုကားလမ်းမကြီးနံဘေးတွင် နေထိုင်သူများမတော်တဆ ယာဉ်တိုက်မှုဖြစ်ပွားနိုင်သည်။ပန်းရံ၊လက်သမား၊အခြားကျပန်းအလုပ်များနည်းပါး၍ မိသားစုဝင်ငွေနည်းသည်။ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးသည်။အသိပညာနည်း၍ မူးယစ်ဆေးသုံးစွဲသူလူငယ်များ များပြား၍ ပညာပေးဟောပြောပွဲ

များပြုလုပ်ရန် လိုအပ်သည်။အချို့အိမ်ထောင်စုတွင် ကုန်စိမ်းများရောင်းချ၍ အသက်မွေးကြသည်။ ကားမောင်းသူများမှာ ပို့ဆောင်ရေးလုပ်ငန်းမှာ အလွန်နည်းပါးသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာစာသင်ကျောင်းမှာ ရွာအတွင်းတွင်ရှိပါသည်။အခြေခံ ပညာမူလတန်းလွန်ကျောင်း ဖြစ်ပါ သည်။အလျား(၁၂၀'×၂၆')အမြင့်အုတ်ညှပ်တစ်ထပ်ရှိသော ကျောင်းတစ် ဆောင်ရှိ ပါသည်။သွပ်မိုး၊ အုတ်ကာ၊သံမံတလင်း ဖြင့်ပြုလုပ်ထားပါသည်။ကျန်တစ်ဆောင်မှာ အန္တရာယ်ကျောင်းအိုကြီးဖြစ်ပါ သည်။ကျောင်းသုံးပရိဘောဂမှာလုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာ အခြေအနေမှာ ခြောက်ခန်းတွဲ ရေလောင်းအိမ်သာဖြစ်ပါသည်။ကျောင်းအာဟာရတိုက်ကျွေးမှုမှာ တစ်လတစ်ကြိမ် ဆန်ပြုတ်တိုက် ပါသည်။ကျောင်းရှိ ဆရာမဦးရေမှာ(၈)ယောက်ဖြစ်ပါသည်။ အစိုးရခန့်ဝန်ထမ်းများဖြစ်ကြပါသည်။ ကျေးရွာတွင်အဖြစ်များသော ရောဂါမှာ သွေးတိုးရောဂါ ဖြစ်ပါသည်။ ကျန်ရှိသောရောဂါများမှာ ရာသီ ဥတုအလိုက်အနည်းငယ်ဖြစ်ပွားပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစားမှာ အဓိကလယ်ယာစိုက်ပျိုးရေး လုပ်ငန်း(၁၁၂)အိမ်၊အလုပ်သမား ကျပန်း၊ရာသီဥတုအလိုက်အလုပ်သမားအိမ်ထောင်စုမှာ(၁၃၈)အိမ် ရှိပါသည်။မွေးမြူရေးပိုင်းတွင် တနိုင်တပိုင်နွားမွေးမြူသော အိမ်ထောင်စုမှာ (၁၄၁)အိမ်ရှိပါသည်။ လျှပ်စစ်ဓါတ်ငွေနှင့်ရေပေးဝေရေးလုပ်ငန်းတွင် (၅)ဦး ၊ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း တွင်(၉)ဦး၊ယာဉ်စက်ကရိယာအိမ်သုံးပစ္စည်းပြင်ဆင်သူ(၄)ဦး၊အပ်ချုပ်လုပ်ငန်းတွင်(၇)ဦး၊လက်လီ လက်ကား ဈေးရောင်းသူ(၁၆)ဦး ဘေးကင်းလုံခြုံရေးတွင်(၄၂)ဦး၊ကျန်းမာရေးပိုင်းတွင် ဆေးပေး ခန်းနှင့်အလှမ်းဝေးသည်။လူမှုရေးပိုင်းတွင် မနောသုခ လူမှုကူညီရေးအသင်း(၂၂)ဦးဖြင့်ဖွဲ့စည်းထား ပါသည်။ပညာရေးပိုင်းတွင် ဆရာမပေါင်း(၈)ယောက်ရှိပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးကဏ္ဍမှာ နည်းပါးပါသည်။ထုတ်ကုန်လုပ်ငန်း တွင် စပါးမှာ အဓိကဖြစ်ပါသည်။လျှပ်စစ်နှင့်ပတ်သက်၍ တနိုင်တပိုင်ရေအားလျှပ်စစ်တွင်သာ ဝန်ထမ်းများအဖြစ်လုပ်ကိုင်ကြပါသည်။ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်သမားနှင့်ပန်းရံကိုသာ အဓိကလုပ်ကိုင်ကြပါသည်။လယ်ယာသုံး၊ယာဉ်စက်ကရိယာများကိုသာပြင်ဆင်ရပါသည်။ကျွမ်းကျင် ပညာရှင်များအနေဖြင့် အပ်ချုပ်သမားသာရှိပါသည်။လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ကုန်စုံဆိုင်ဖြင့်အသက်မွေးလုပ်ကိုင်သူများသာ ရှိပါသည်။ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းနှင့်လူမှုရေး လုပ်ငန်းများတွင် အုပ်ချုပ်ရေးအဖွဲ့ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေးအဖွဲ့သာ အဓိကဖြစ်ပါ သည်။

ကျေးရွာတွင် စာမတတ်သူဦးရေ(၃၀)ယောက်၊ဘုန်းကြီးကျောင်းသင်ပညာရေး(၉၇)ယောက်၊ မူလတန်းပညာရေးမပြီးဆုံးသူဦးရေ (၁၅၁) ယောက်၊ မူလတန်းပညာရေးပြီးဆုံးသူဦးရေ (၆၄၆) ယောက်၊အလယ်တန်းပညာပြီးဆုံးသူဦးရေ(၁၄၃)ယောက်၊ အထက်တန်းပညာပြီးဆုံးသူဦးရေ (၄၈) ယောက်၊တက္ကသိုလ်ပညာပြီးဆုံးသူဦးရေ(၂၈)ယောက်(၉နှစ်)နှင့်အထက် လူဦးရေစုစုပေါင်းမှာ (၁၁၄၃)ယောက်ဖြစ်ပါသည်။ကျေးရွာကျောင်းတက်နှုန်းမှာ မူလတန်း(၁၄၅)ယောက်၊အလယ်တန်း (၁၀၄)ယောက်၊အထက်တန်း(၂၆)ယောက်၊တက္ကသိုလ်ကျောင်းသား/သူ(၃၃)ယောက်သာရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှုရှိပါသည်။သာသနာရေး၊ဘာသာရေး လုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် လမ်း၊ တံတား ပြုပြင်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ၊တက်ကြွစွာပါဝင် ဆောင်ရွက်ကြပါသည်။ လုပ်ငန်းတွင် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထားမှာ လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းတွင် ကျားနေ့စားတစ်ရက်ဝင်ငွေ(၅၀၀၀)ကျပ်၊မ နေ့စားခ (၄၀၀၀)ကျပ် မွေးမြူရေးပိုင်း တွင်နွားထိန်းနေ့စားကျား တစ်ရက်ဝင်ငွေ(၃၀၀၀)ကျပ်၊ထုတ်ကုန်စပါးအရောင်းအဝယ်လုပ်ငန်း တွင်(ကျား) ကူလီခ(၅၀၀၀)ကျပ်ဆောက်လုပ်ရေး (ကျား)၇၀၀၀ကျပ် (မ)(၅၀၀၀)ကျပ်၊အိမ်သုံး ပစ္စည်းပြုပြင်မှုတွင် (ကျား)၅၀၀၀ကျပ်၊အနည်းဆုံး (၃၀၀၀)ကျပ်နှင့် စျေးရောင်းဝယ်ရေးတွင်(မ) (၄၀၀၀)ကျပ်၊အနည်းဆုံး(၃၀၀၀)ကျပ်ဖြစ်ပါသည်။ကျေးရွာတွင် မနောသုခလူမှုကူညီမှုရေးအသင်း၊ဖွဲ့စည်း၍ကျန်းမာရေးအတွက် ဝန်ဆောင်မှုများပေးလျက်ရှိသည်။ ထွန်းတောက်သမဘာဏ်ကို မြို့ နှင့်ချိတ်ဆက်၍ အိမ်ထောင်စု(၇၀)ဖြင့်ဖွဲ့စည်း၍ အဖွဲ့ဝင်များကို အတိုးနှုန်း ၁ ကျပ်၅၀ပြားနှုန်းဖြင့် ထုတ်ပေးလျက်ရှိသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် မနောသုခလူမှုကူညီရေးအသင်းသည်အဓိကကျသော အဖွဲ့အစည်းဖြစ်သည်။ကျေးရွာ ၏လုပ်ဆောင်မှုပိုင်းတွင် လမ်း၊တံတား၊ဘာသာရေး အဆောက်အဦ များတွင် လုပ်ဆောင်လျက်ရှိ သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ရေရရှိသည့် နေရာမှာ ကြာကြီးကွင်းလယ်ဦးဆည်ဖြစ်ပြီး ဆည်ပြိုးစီးမှုမရှိသေးပါ။ရေရရှိရန် တူးမြောင်းများဖေါက်ရန်နှင့်မြောင်းသစ်များဖောက်ရန်လိုအပ်ပါသည်။ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုလယ်မြေက မှာ(၆၅၆)ကေဖြစ်ပြီးမြေဆီလွှာမှာ အသင့်အတင့်ကောင်း

မွန်ပါသည်။ယာမြေတောင်ယာမှာ (၆၅.၅၀)ဧကရှိပြီး၊ဆည်ရေရရှိမှုမရှိပါ။မိုးရေခံများသာဖြစ်သည်။ ကျွန်းစိုက်ဧရိယာ(၃၈)ဧကမြေအမျိုးအစားများအသင့်အတင့်ရှိ၍ စုစုပေါင်းဧရိယာမှာ ၇၅၉.၅၀ဧက ဖြစ်ပါသည်။ကျေးရွာ၏အနောက်ဖက်တွင်အစိုးရဆောက်လုပ်ထားသော လယ်ဦးဆည်ရှိပါသည်။ ရေသောက်ဧက(၁၅၀)သောက်သုံးနိုင်သည်။ရေလုံလောက်မှုမရှိ ရေသွင်းမြောင်းများ အသစ်ဖောက် လုပ်ရန်ရှိသည်။သဘာဝ ရေအရင်းအမြစ်ပေးစွမ်းနိုင်သော ဧက(၀ss ၅၀)ရှိ၍ သောက် သုံးရေကို တွင်းရေနှင့်အဝီစိ တုံကင်များမှရရှိသည်။အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်သည်။စိုက်ဧက (၁၅၀)ရှိ၍ တစ်ဧကပျှမ်းမျှထွက်နှုန်းမှာ တစ်ဧက တင်း(၇၀)ထွက်၍ August တွင် စိုက်၍ Octomber လတွင် ရိတ်သိမ်းရပါသည်။ထွက်ရှိမှုအလယ်အလတ်ရှိ၍ ဈေးလျော့၍ အမြတ်ရရှိမှုနည်းပါးပါသည်။ရာသီ အလိုက်သီးနှံ စိုက်ပျိုးရေးအဖြစ် မြေပဲ(၅၀)ဧကစိုက်ပျိုးကြီးပြီး တစ်ဧကပျှမ်းမျှထွက်နှုန်းမှာ (၂၅)တင်းရှိပါသည်။December လတွင် စိုက်၍ April လတွင်ဖော်၍ နှံးတင်မြေနု နည်းပါးသော ကြောင့် ထွက်ရှိမှုနှုန်းနည်းပြီး အမြတ်ရရှိမှုနည်းသည်။

တစ်ဦးချင်းပိုင်ဆိုင်သော ခြွေလေ့စက်(၃)လုံးရှိသည်။ငှားရမ်းနေသော တောင်သူဦးရေ မှာ(၁၀၉)ဦးရှိပါသည်။ရေစုပ်စက် အသေးစား(၃၉)လုံးရှိသည်။ရေများကို ချောင်းမှသော်လည်း ကောင်း၊နှစ်ပေါက်သုံးပေါက်ကျင်းမှလည်း စုပ်ယူလျှက်ရှိသည်။အဖွဲ့ပိုင်ဆိုင်မှုစက်ကရိယာများ မရှိပါ။ကျေးရွာတွင် မွေးမြူရေးဗဟုသုတများနည်းပါး၍ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများမရှိပါ။ လက်ရှိတွင် ကျွဲ၊နွား၊ဝက်၊ကြက်၊ဘဲများကို တနိုင်တပိုင်သာမွေးမြူကြပါသည်။မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် စားကျက်မြေရှိခြင်း ၊ချောင်းငယ်များရှိခြင်း စသည့်အခွင့်အလမ်းများရှိပါ သည်။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် နွားများကိုသာ အဓိကမွေးမြူကြပါသည်။တခါ တရံခွာနာလျှာနာ ကူးစက်ရောဂါများ ဖြစ်ပွားတတ်ပါသည်။သစ်မွေးကုဋ္ဌာနများမှတခါတရံကာကွယ် ဆေးများထိုးပေးလာပါသည်။စီးပွားဖြစ်မွေးမြူရေးနှင့်သားငါးလုပ်ငန်းများမရှိပါ။စားသုံးရန် အတွက်ကြက်၊ဝက်များကိုသာ မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးကဏ္ဍမှာ နည်းပါးပါသည်။ထုတ်ကုန်လုပ်ငန်း တွင် စပါးမှာ အဓိကဖြစ်သည်။လက်သမားများ အိမ်ဆောက်ရန်တောတောင်များမှသစ်၊ဝါးများကို ကုန်ထုတ်လမ်းရှိ၍ လွယ်ကူစွာ သယ်ယူရရှိနိုင်ပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်း၍ မြို့များ သို့လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူရန်လွယ်ကူပါသည်။ ကျေးလက်အလုပ်သမားများသည်လုပ်အား နှင့်အချိန်အပြည့်အဝရှိခြင်းတို့ကြောင့် ဝင်ငွေရလုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ် သမားလုပ်အားခညှိနှိုင်း၍ ဆောင်ရွက်ကြပါသည်။ပန်းရံအလုပ်သမားများအတွက် ချောင်းရှိ၍ သဲ ကျောက်များကို လွယ်ကူစွာရရှိနိုင်ပါသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိမြေဆီဩဇာအခြေအနေ အန္တရာယ်ရှိမှုမှာ မြေဆီ၊ရေဆီခန်းခြောက်သောကြောင့် အသင့်အတင့်ရှိပါသည်။မျိုးစေ့များကို ပိုးမွှားများကူးစက်ရန်ဆေးသိုလှောင်ခြင်းမရှိသောကြောင့် အပင်မျိုးစေ့များအတွက် အန္တရာယ်ရှိပါသည်။ဖျက်ပိုးနှင့်ရောဂါ ကာကွယ်ထိန်းချုပ်မှုအတွက် ပိုးသတ်ဆေးများဖျန်းကြပါသည်။ရေအရင်းအမြစ်များအနေဖြင့် ချောင်းများဖြစ်သောကြောင့် အန္တရာယ်ရှိမှုနည်းပါးပါသည်။စွန့်ပစ်ပစ္စည်းများကို ကန့်သတ်နေရာတွင်စွန့်ပစ်သောကြောင့် ကျေးရွာပတ်ဝန်းကျင် အန္တရာယ်ရှိမှု ကင်းဝေးပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာနေပြည်သူများ ငွေကြေးလက်လှမ်းမှီမှုနှင့် ရရှိနိုင်သည့် ဘဏ်လုပ်ငန်းတွင်အစိုးရစိုက်ပျိုး ရေးဘဏ်၊ထွန်းတောက်သမဘဏ် ၊ကျေးရွာအဖွဲ့အစည်းအလိုက် ထွန်းတောက် သမအဖွဲ့အစည်းများ နှင့် ချိတ်ဆက်၍ ဤအဖွဲ့အစည်းများတွင် အတိုးနှုန်း(၁၀၀)လျှင် ၁ ကျပ်၅၀ ပြားနှုန်း၊စိုက်ပျိုးရေး ဘဏ်တွင် (၁၀၀)ကျပ်လျှင်(၆၀)ပြားနှုန်းဖြင့်ချေးယူ အသုံးပြုနိုင်ပါသည်။ အပေါင်ဆိုင်တွင်လည်း ကောင်းအတိုးနှုန်း(၁၀၀)လျှင်(၃)ကျပ်နှုန်း၊မိတ်ဆွေဆွေမျိုးများတွင်လည်း ရက်အကန့်အသတ်မရှိ အခက်အခဲမရှိ ချေးယူအသုံးပြုလျှက်ရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာအတွင်းရှိ ပညာရေးအခက်အခဲနှင့်ပြဿနာများမှာ ရာထူးတိုးရွှေ့ပြောင်းဆရာမ များ၊ အစား ထိုးမရောက်၍ ဆရာမလိုအပ်ပါနေပါသည်။တပည့်ဆရာအချိုးမှာ (၁)အချိုး (၃၀)ဖြစ်ပါသည်။ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများမှာ အလှူရှင်များဖြည့်စွက်လှူဒါးပေး၍ ပြည့်စုံနေပါသည်။ဆင်းရဲသော မိသားစုများ အတွက် ကျောင်းစားရိတ်မတတ်နိုင်သော မိသားစုများရှိပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမှီမှုမရှိပါ။မိဘ ၊ဆရာ အသင်း၏အခန်းကဏ္ဍများမှာလည်း ကူညီပံ့ပိုးမှုရှိပါသည်။လွန်ခဲ့သော(၁၂)လအတွင်းကာကွယ် ဆေးထိုးနှံမှုမှာ (၁)လ(၁) ကြိမ်ရှိပါသည်။အဆုပ်ရောဂါ၊ဆုံဆို့ကြက်ညှာ၊မေးခိုင်နှင့်အသဲရောင် အသားဝါ ကာကွယ်ဆေးထိုးနှံမှုမှာမရှိပါ။ရောဂါ၊မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) ဝက်သက်ရောဂါ၊အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုရှိပါသည်။အာဟာရ မှတ်တမ်းယူမှုနှင့် အာဟာရပညာပေး အစီအစဉ်များလည်းရှိပါသည်။ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ရွာနှင့်(၁)မိုင်ခန့်အကွာတွင် အုပ်စု ကျေးလက်ကျန်းမာရေး သားဖွားဆေးခန်းရှိပါသည်။ သားဖွားဆရာမ အရန်သားဖွားဆရာမများရှိပါသည်။ဆေးနှင့်ပတ်သက်သော အသုံးအ ဆောင်ပစ္စည်းများလုံလောက်မှုမရှိပါ။ကျေးရွာတွင် သက်ကြီးရွယ်အိုများနှင့်ကိုယ်ဝန်ဆောင်အမျိုး သမီးများအတွက် ညရေးညတာအခက်အခဲများတွေ့နေရပါသည်။သို့ဖြစ်ပါ

၍ ကျေးရွာဆေး ပေးခန်းလိုအပ်နေပါသည်။သောက်သုံးရေရရှိမှုမှာ ရေတွင်း၊အဝီစိတွင်း စက်တပ် တုံကင်များမှအဓိကရရှိပါသည်။ရေကြောင်းကောင်း၍ နွေ၊မိုး၊ဆောင်း သုံးရာသီ လုံလောက်မှုရှိပါ သည်။ရွာရှိအိမ်သာအမျိုးအစားမှာ ယင်လုံအိမ်သာများဖြစ်ကြပါသည်။ကျန်းမာရေးအတွက် အိမ်သာ များကိုသန့်ရှင်းအောင်ထားကြပါသည်။ရွာပတ်ဝန်းကျင် သန့်ရှင်းရေးများကိုလည်းပြုလုပ်ကြပါ သည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာရှိ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေများမှာ လူမှုရေးလုပ်ငန်းအဖွဲ့အစည်း များ၌ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ကူညီနေကြပါသည်။ဘာသာရေးလုပ်ငန်း များအနေဖြင့် အမျိုးသမီးဝတ်ရွတ်အသင်းရှိပါသည်။အားကစားကဏ္ဍများ၌ လက်လှမ်းမီမှုမရှိပါ။ ညဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများလုပ်ကြပါသည်။ ရိုးရာယဉ်ကျေးမှုနှင့်ထိန်း သိမ်းရေးတွင် အမျိုးသမီးများ (ဖန်၊အဝတ်စုံဝတ်၍ ဝတ်စားဆင်ယဉ်မှုကို ထိန်းသိမ်းကြပါသည်။ စာကြည့်တိုက်၊အင်တာနက် စသည့်များလက်လှမ်းမှီမှုရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်း လှမ်းနှင့်ချင်းကပ်လမ်းမှာ မြေသားလမ်းများဖြစ်ကြ၍ ရာသီဥတုအလိုက် ဆိုးသွမ်းမှု ရှိပါသည်။(၁၃၃၈)ခုနှစ်မှပြုလုပ်ခဲ့သော လမ်းများဖြစ်ကြ၍ အချိန် ကာလ ကြာမြင့်သော ကြောင့် ပွင့်လင်းရာသီ၌သာ အဆင်ပြေမှုရှိပါသည်။လမ်းအရှည်မိုင် များမှာ(၃)မိုင်နှင့်(၂)မိုင်ခွဲရှိကြ၍ ပြုပြင်ရန်ရွာမှ မတတ်နိုင်ပါ။ရွာချင်းဆက်လမ်းမှာ ရွှေဘို-မြစ်ကြီးနားကားလမ်းမကြီးဖြစ်၍ တစ်နှစ် ပတ် လုံးအဆင်ပြေပါသည်။ကျေးရွာ၏ တံတားတည်ရှိမှုမှာ ရေပြွန်သာ ရှိပါသည်။အခြားတံတား အမျိုး အစားအနေဖြင့် ကွန်ကရစ်တံတားရှိပါသည်။သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊မော်တော် ဆိုင်ကယ်နှင့်သုံးဘီးဆိုင်ကယ်များရှိကြပါသည်။ထော်လာဂျီနှင့်ကားများရှိ၍ ဝန်ဆောင်မှုလုပ် ငန်းများကို တွင်ကျယ်ကြောင်းဆောင်ရွက်နိုင်ကြပါသည်။ကျေးရွာလျှပ်စစ်မီးရရှိမှု အသေးစားရေ အား လျှပ်စစ်၊ ဂလိုင်ချောင်မှ ရရှိသည်။ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါသည်။လောလောဆယ်မီး ရရှိမှုမှာ အခက်အခဲ မရှိပါ။ဆက်သွယ်ရေးအနေဖြင့် ဖုန်းများပေါများ၍ အဆင်ပြေစေပါသည်။ သတင်းအချက် အလက်နည်းပညာများသိရှိရန် ရေဒီယို၊တီဗွီ၊ဂြိုလ်တုစလောင်းများပေါများ၍ အဆင်ပြေစေပါသည်။ ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးမရှိ၍ ဖုန်းများဖြင့်ဆက်သွယ်ကြပါ သည်။ကျေးရွာဘေးကင်း လုံခြုံရေးအတွက် ပြည်သူ့စစ် အဖွဲ့အစည်းရှိပါသည်။ရာဇဝတ်မှုများ အတွက်ရဲစခန်းများအား လက် လှမ်းမှီစွာဖြင့်လွယ်ကူစွာသွားရောက်နိုင်ပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုအအခြေအနေများမှာမူးယစ်ဆေးသုံးစွဲမှုပိုမိုများပြားနေပါသည်။၎င်းနှင့်ပတ်သက်၍ ခိုးမှုများမှာ စိုးရိမ်ရပါသည်။အင်တာနက်အသုံးပြုမှုတွင် လွဲမှားသောနည်းလမ်း များနှင့်အတွေးအခေါ်များကြောင့် လူငယ်များအတွက် လူကုန်ကူးမှုမှာ စိုးရိမ်ရပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

လယ်မြေဖော်ထုတ်ရန် စားကျက်မြေသာရှိပြီး ဓါတ်မြေဩဇာလိုအပ်သည်။ဆည်ရှိပြီး ရေသွင်းမြောင်း လိုအပ်သည်။ရေသွင်းမြောင်းကို အသစ်ဖောက်လုပ်ရန်နှင့် မြောင်းအဟောင်းတိမ်ကောမှုကိုတူးဖော် ရန်သဘာဝ မြေဆွေးအဖြစ်နွားချေး၊ ကျွဲချေး၊ ကြက်ချေးစသည့်သဘာဝမြေဆွေးများအသုံးပြုကြပါ သည်။လယ်သီးနှံစပါး၊အခင်းသီးနှံများကို ပိုးသတ်ဆေးများအသုံးပြုပါသည်။ စိုက်ပျိုးစရိတ် ချေးငွေများကို စိုက်ဘဏ်နှင့်ထွန်း တောက် သမဝါယမဘဏ်မှ ထုတ်၍ အသုံးပြုလျှက်ရှိသည်။နည်းပညာ အုပ်ချုပ်ရေးပိုင်းဆိုင် ရာဝန်ဆောင်မှုမရှိပါ။ကျေးရွာမှ မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးမှုမရှိပါ။ အထွက်နှုန်းတိုးရန် ဓါတ်မြေဩဇာနှင့်မျိုးကောင်းမျိုးသန့်ကို မြို့နယ်စိုက်ရှင်းရုံးမှတဆင့် မျိုးစပါး တစ်တင်းလျှင်(၁၀၀၀၀)ကျပ်ဖြင့်ဝယ်ယူစိုက်ပျိုးရပါသည်။ထွက်ရှိသည့် စပါးများကို ပွဲစားများနှင့် ချိတ်ဆက်၍ ကုန်သည်များကို ရောင်းချပါသည်။

ရွာတွင် စားကျက်မြေများဖြစ်၍ စိုက်ပျိုးမြေတိုးချဲ့နိုင်ရန်မြေနေရာမရှိပါ။မြေဆီဩဇာအခြေအနေမှာ အသင့်အတင့်ဖြစ်၍ တစ်ဧကကို ဓါတ်ဆားတစ်လုံးကျသုံးကြပါသည်။စိုက်ပျိုးရေးသွင်းအားစုများအချိန်မှီရန် စိုက်ဘဏ်မှ ချေးငွေများ အချိန်မှီရရှိရန်လိုအပ်ပါသည်။မိုးရေခံ လယ်များဖြစ်ကြ၍ ဘုံဘိုင်နှင့်(၃)ပေါက်ကျင်းများတူး၍ စိုက်ပျိုးရေ လိုအပ်မှုကိုဖြေရှင်းကြပါသည်။ဖျက်ပိုးနှင့်ရောဂါကျမှုမှာ ကွက်ကျားဖြစ်ပါသည်။တချို့တောင်သူများမှာ စပါးများကို ကြံကြိုက်စနစ်ဖြင့်ရောင်းချပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေပြန့်ဒေသဖြစ်၍ မြေဆီလွှာအသင့်အတင့်ရှိ၍ သစ်ဝါးနှင့်ချောင်းများ၊ သဲကျောက်များ ရရှိနိုင်၍ အခြားသောသယံဇာတများ မထွက်ရှိပါ။ စားကျက်မြေများသာရှိ၍ စိုက်ပျိုးမြေတိုးချဲ့ရန်မရှိပါ။လယ်ဦးဆည်ရှိသော်လည်း ရေသွင်းမြောင်းတိမ်ကောမှုနှင့်အသစ်ဖောက် လုပ်ခြင်းမရှိသောကြောင့် လက်ရှိတွင်းရေမရရှိနိုင်သေးပါ။

စပါးအထွက်နှုန်းတိုးရန်ဆောင်ရွက်သင့် ပါသည်။ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန် လုပ်ငန်း များမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန် ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်းများ၊ အတတ်ပညာများ မရှိသည့်အတွက်ဝင်ငွေရရှိမှုနည်းပါးပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာ ကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ် ထားပါသည်။

က.၁) ကျေးရွာအတွင်း စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးမြင့်ခြင်း၊စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း များ တိုးတက်ခြင်းလမ်းများ အဆင့်မြင့်၍ တံတားများအသစ်တည်ဆောက်နိုင်ရမည်။

က.၂) ကျောင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊အလုပ်အကိုင်အခွင့်အလမ်းများ များပြား လာစေခြင်း၊ကျပန်းများအတွက် အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေး၍ စားဝတ်နေ ရေးကျပ်တည်းခြင်းကိုဖြေရှင်းနိုင်ရမည်။

က.၃) မူးယစ်ဆေးတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ အရေးယူပေး၍ အားကစားကဏ္ဍကို မြှင့်တင်ပေးခြင်း၊ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းမှုအားကောင်းခြင်း၊ကျေးလက်ဆေးပေးခန်း ရရှိခြင်း၊အမျိုးသမီး လက်မှုပညာများကို သင်တန်းပေးနိုင်ရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အမှတ်(၁၉၀-ခ)ကွင်းဘက်သို့ရေသွင်းမြောင်းအသစ်ဖောက်လုပ်ခြင်းဖြင့် စိုက်ပျိုး သီးနှံများအထွက်နှုန်းတိုးနိုင်ပါမည်။ရင်းနှီးငွေများ အတိုးနှုန်းသက်သာစွာဖြင့်ချပေးခြင်း၊မွေးမြူ ရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့်မွေးမြူရေးဆိုင်ရာလုပ်ငန်းများတိုးတက်လာနိုင် မည်။ကျေးလက်ဦးစီးဌာနမှ ရန်ပုံငွေများချပေးခြင်းဖြင့် ကျေးရွာအတွင်း အဆင့်မြင့် ကျောက်ချော လမ်း၂မိုင်ခွဲကို လုပ်ဆောင်လာနိုင်မည်။ကျေးရွာပြည်သူများနှင့်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင် ရွက်ခြင်းဖြင့်(၃၃၁၈)တံတား၅ စင်းအသစ်တည်ဆောက်နိုင်ပါသည်။

ခ.၂) ပညာရေးဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊အလှူရှင်များဖိတ်ခေါ်ခြင်း၊ကျောင်းကော်မတီဝင်များ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် ကျောင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပါသည်။ဒေသလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စွာလုပ်ဆောင်ခြင်းအခကြေးငွေပေး၍ငှားသော လုပ်ငန်းရှင်များ များပြားခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်။ကျပန်းများအတွက်အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးခြင်း သင်တန်းချိန်အတွင် နေ့စဉ်လုပ်အားခပေးခြင်း၊ကျေးလက်ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ဖြင့်စားဝတ်နေရေးကြပ်တည်းခြင်းကိုဖြေရှင်းနိုင်ပါသည်။

ခ.၃) ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း၊ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ အားကစားအဖွဲ့အစည်းနှင့်လက်တွဲခေါ်ယူခြင်း၊အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် မူးယစ်ဆေးတိုက်ဖျက်ရေးလုပ်ငန်းများကိုထိရောက်စွာ အရေးယူနိုင်ပြီး အားကစားကဏ္ဍကိုမြှင့်တင်ပေးနိုင်ပါသည်။ယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီဖွဲ့ခြင်း၊လူငယ်များ စည်းလုံးစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းမှုအားကောင်းလာနိုင်မည်။ကျန်းမာရေးဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ကျေးလက်ဦးစီးဌာနများနှင့် ချိတ်ဆက်ခြင်းဖြင့် ကျေးလက်ဆေးပေးခန်းရရှိနိုင်ပါသည်။လက်မှုပညာသင်တန်းများပေး၍ သင်တန်းချိန်အတွင် ထောက်ပံ့ပေးခြင်း၊ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီး လက်မှုပညာတတ်မြောက်မှုအားကောင်းလာနိုင်ပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) စိုက်ပျိုးလယ်ယာများရေရရှိရေး

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပါသည်။ထို့အပြင် မြေပဲ၊ဖရဲ၊သခွား၊ခရမ်းချဉ်၊ အာလူးများကိုလည်း စိုက်ပျိုးလျှက်ရှိပါသည်။ဤသီးနှံများသည် ရေသွင်းသီးနှံများဖြစ်ကြ၍ ရေသွင်းမြောင်းမရှိသောကြောင့် ရေအခက်အခဲနှင့်ကြုံတွေ့ရပါသည်။၂ ပေါက်၃ ပေါက်ကျင်းများဖြင့်

အသုံးပြုရသော်လည်း ရင်းနှီးငွေများ များပြားပါသည်။ထို့ကြောင့် ကျေးလက်ဦးစီးဌာနနှင့်ဆည်မြောင်းဦးစီးဌာနများမှ အကြံပေးပံ့ပိုးမှုများပေး၍ ကူညီဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ကျေးရွာဆေးပေးခန်းရရှိရေး

ကျွန်ုပ်တို့ကျေးရွာတွင် အိမ်ခြေပေါင်း(၂၅၀)အိမ်ရှိ၍ ကျား+မ လူဦးရေ စုစုပေါင်း(၁၃၆၃) ယောက်ရှိပါသည်။သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေး အခက်အခဲရှိပါသည်။မြေနေရာရှိသော်လည်း ကျေးရွာရန်ပုံငွေမရှိသောကြောင့် ဆေးပေးခန်းနှင့်ဆရာမများအထူးလိုအပ်ပါသည်။သို့ဖြစ်ပါ၍ မြို့နယ်အစိုးရဌာနများမှ ကူညီဖြေရှင်းပေးသင့်ပါသည်။

(ဂ) ကျောင်းလိုအပ်ချက်များအပြည့်အဝရရှိရေး

ကျောင်းတွင်းခြံစည်းရိုး၊အိမ်သာ ၊မျက်နှာကျက်၊ကျောင်းသုံးပရိဘောဂများလိုအပ်နေပါသည်။ ကျေးရွာပြည်သူများမှ လုပ်အားနှင့်အလှူရှင်များဖြင့်လုပ်ဆောင်သော်လည်း မပြည့်စုံနိုင်သေးပါ။ထို့ ပြင်ဆရာမ များလည်းလုံလောက်မှုမရှိပါ။ကျောင်းအင်္ဂါရုပ်များနှင့်အညီ ကျောင်းသား/သူများ ပညာရေးမြင့်မားစေရန်အတွက် ကျေးလက်ဦးစီးဌာနနှင့်ပညာရေးဝန်ကြီးဌာနများမှ ကူညီဆောင် ရွက်ပေးသင့်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာတွင် ယခုရေးဆွဲထားသော ၅ နှစ်တာစီမံချက်များသည် ပြည့်စုံမှုမရှိသေးပါ။၅နှစ်တာကာလ တလျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြ ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို နှစ်စဉ်ရေးဆွဲသွားပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

ကျေးရွာတွင် စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ် နိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ရင်းနှီးမြုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းသုံး စရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်း ဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူ ထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း	၉၂	၁	– ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း။(ပေ ၂၂၀၀) - ရွာချင်းဆက်လမ်းခင်းခြင်း - ရေပြွန် (၂)ခုဆောက် လုပ် ခြင်း။	ကျေးလက်ဦးစီး
ပညာရေး					
စာသင်ကျောင်း	၂။ ကလေးပျော်၍ ဘက်စုံတော်စေ သည့် ကျောင်း အဖြစ်ဖန်တီး တည် ဆောက်ခြင်း၊	၇၂	၂	– အရိပ်ရကစားကွင်းနေရာနှင့် ဆီးဆောဒန်း၊ ဘားဒန်းစသည် ဖြင့် စီမံထားရှိခြင်း၊ – ပုံစံဝင်သောကျောင်းဆောင် ဆောက်လုပ်ခြင်း၊	
စိုက်ပျိုးရေး					
	၃။ စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေတိုးတက်ရရှိရေး	၇၂	၃	- စိုက်ပျိုးရေးချေးငွေများလုံ လောက်စွာရရှိနိုင်ရေး၊ - လယ်ယာသုံးစက်ကိရိယာ များစျေးနှုန်းသက် သာစွာဖြင့်ငှားရမ်းအသုံးပြုနိုင်ရေး၊	–

ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း		-	-	
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	-			
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၂	-	-	လတ်
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၆	၅	-	မြင့်
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း	-	-	-	

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	များ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး	-	၂	-	မြင့်
၁၄	ကျန်းမာရေး	-	-	-	
၁၅	လူမှုရေးလုပ်ငန်းများ	-	-	-	
၁၆	အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ		၁၀၃	-	
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,)	-	-	-	
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	၇	၁၁၁		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးကဏ္ဍမှာနည်းပါးပါသည်။ထုတ်ကုန်လုပ်ငန်းတွင်စပါးမှာ အဓိကဖြစ်ပါသည်။လျှပ်စစ်နှင့်ပတ်သက်၍ တနိုင်တပိုင်ရေအားလျှပ်စစ်တွင်သာ ဝန်ထမ်းများအဖြစ် လုပ်ကိုင်ကြပါသည်။ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်သမားနှင့်ပန်းရံလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။လယ်ယာသုံးယာဉ်စက်ကိရိယာများကိုသာပြင်ဆင်ရပါသည်။ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သမားသာရှိပါသည်။လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ကုန်စုံဆိုင်ဖြင့် အသက်မွေးလုပ်ကိုင်သူများသာရှိပါသည်။ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းနှင့်လူမှုရေးလုပ်ငန်းများတွင် အုပ်ချုပ်ရေးအဖွဲ့ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေးအဖွဲ့သာအဓိကဖြစ်ပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
အိမ်ဆောက်ရန်သစ်ဝါးရှိ	ကုန်ထုတ်လမ်းရှိ၍ သစ်၊ဝါးများကို လွယ်ကူစွာသယ်ယူ
သုံးရန်ပစ္စည်းဝယ်ရန်	ရရှိနိုင်၊လက်သမားသုံးပစ္စည်းများဝယ်ရန်မြို့နှင့်နီးခြင်း
လွယ်ကူ၊ကျပန်းအလုပ်သမားများလုပ်အားရှိ	ကျပန်းအလုပ်သမားများအနေဖြင့်အလုပ်ရှင်နှင့်အလုပ်သမားလုပ်အားခညှိနှိုင်းဆောင်ရွက်ခြင်း၊
ပန်းရံလုပ်ရန်သဲကျောက်ရှိခြင်း	ပန်းရံလုပ်ငန်းများအတွက် သဲ၊ကျောက်လွယ်ကူစွာရရှိနိုင်ခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်သမားများအိမ်ဆောက်ရန် တောတောင်များမှ၊သစ်၊ဝါးများကို ကုန်ထုတ်လမ်းရှိ လွယ်ကူစွာ သယ်ယူရရှိနိုင်ပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်း၍ မြို့များသို့ လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူရန်လွယ်ကူပါသည်။ကျပန်းအလုပ်သမားများသည် လုပ်အားနှင့်အချိန်အပြည့်အဝရှိခြင်းတို့ကြောင့်ဝင်ငွေရလုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့်အလုပ်သမား လုပ်အားခညှိနှိုင်း၍ဆောင်ရွက်ကြပါသည်။ပန်းရံအလုပ်သမားများအတွက်ချောင်းရှိ၍ သဲ၊ကျောက်များကို လွယ်ကူစွာရရှိနိုင်ပါသည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ကျပန်းအလုပ်သမားများ	အသက်မွေးဝမ်းကျောင်းပညာများသင်ကြားခြင်း
စားဝတ်နေရေးကျပ်တည်းခြင်း	သင်ကြားနေစဉ်ဝမ်းစာရေးအတွက် အထောက်အပံ့ပေးခြင်း
လက်သမားများကုန်ကြမ်း ရရှိရန်လမ်းအခက်အခဲဖြစ်ခြင်း	ကုန်ကြမ်းထုတ်ရန်လက်ရှိထုတ်ကုန်မြေသားလမ်းကို ကျောက်ချောလမ်းသို့အဆင့်မြှင့်ခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျပန်းအလုပ်သမားများစားဝတ်နေရေးကျပ်တည်းခြင်းနှင့်ဝင်ငွေရလုပ်ငန်းများရှားပါးခြင်းများကို အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးခြင်းနှင့်သင်တန်းချိန်အတွင်း နေ့စဉ်လုပ်အားခပေးခြင်းများဖြင့်ဖြေရှင်းနိုင်ပါသည်။လက်သမားများကုန်ကြမ်းရရှိရန် ထုတ်ကုန်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့်မိုးရာသီများတွင် အခက်အခဲရှိပါသည်။ဇင်းလမ်းကိုသစ်၊ဝါးနှင့်စပါးစသည့်အခြားထုတ်ကုန်များကို သယ်ယူရသောကြောင့်သုံးရာသီလုံးအသုံးဝင်ပါသည်။သို့ပါသောကြောင့် ဤကုန်ထုတ်(မြေသားလမ်း)ကို ကျောက်ချောလမ်းသို့အဆင့်မြှင့်ပေးပါကအဆင်ပြေစေပါသည်။

(၂.၃) ရွှေ့ပြောင်းလုပ်သားများ

(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု	၁၀၁	-	-	-	-	-	-	-	-	-
၂	ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ	၁၄၆	၉၀	၅၆	၁၄၆	၉၀	၅၆	၁၄၆	-	-	-
၃	ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ										
	၃ လ အထိ	-	၃၃	၄၀	၇၃	၃၃	၄၀	၇၃			
	၆ လ အထိ	-	၁၅	၁	၁၆	၁၅	၁	၁၆			
	၁၂ လ အထိ	-	၁၀	၆	၁၆	၁၀	၆	၁၆			
	၁၂ လ အထက်	-	၃၂	၁၁	၄၃	၃၂	၁၁	၄၃			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေ့ပြောင်းလုပ်သားများတွင် ၁၂လအထက်ခရီးသွားသူများ များပြားပါသည်။ ဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူနည်းပါးပါသည်။

(၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၁၄၁
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	၅
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေများရရှိရန် ကျောက်မှော်၊ရွှေမှော်များသို့သာ အဓိကသွားကြပါသည်။လခစားဝန်ထမ်းနှင့် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများမှာ နည်းပါးပါသည်။ဒေသတွင်းပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှုမရှိသည့် အကြောင်းအရင်းမှာ ထောင်ကြနေရခြင်းဖြစ်သည်။

(၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၁၀၁	၄၀%	၁၀	၂၂	၆၉
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	၈၈		-	-	-
	- ဘဏ်	၂		-	-	-
	- လူကြုံဖြင့်လွှဲပို့ခြင်း	၂		-	-	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်	၁		-	-	-
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း			-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုအရေအတွက်မှာ ၄ စုသာရှိပါသည်။ဝင်ငွေရလုပ်ငန်းများနည်းပါးသောကြောင့် ပြန်ပို့ငွေကိုမမှီခိုရသော အိမ်ထောင်စုများတွင်ရှိပါသည်။ပြန်ပို့ငွေများကို ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)ဖြင့်ပို့သော အိမ်ထောင်စုနှင့်ဘဏ်ဖြင့်ပို့သော အိမ်ထောင်စု၂စုရှိပါသည်။

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(မိုင်)	၅မိုင်ဈေး	ဟိုပင်ဈေး(၅မိုင်ကွာ)
သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ		(သုံးဘီး၊ဆိုင်ကယ်)
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု	စားသောက်ကုန်နှင့်သုံးဘီးခပေး	
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု		ဈေးကောက်ခပေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်များအနေဖြင့်ကျေးရွာတွင် ပြန်ကျဈေးရှိပါသည်။ အကြီးစားဈေးကွက်အနေဖြင့်ဟိုပင်မြို့နယ်ဈေးကွက်ရှိပါသည်။ဟိုပင်သို့ ၅ မိုင်ကွာဝေးသောကြောင့်သုံးဘီး၊ဆိုင်ကယ်ဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုဆောင်ရွက်ပါသည်။စားသောက်ကုန်များကို သုံးဘီးခဝန်ဆောင်မှုပေး၍

သယ်ယူကြပါသည်။ရောင်းချစရာ စားသောက်ကုန်များကိုစျေးကောက်ပေး၍ စျေးခ၌ရောင်းချကြပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်၊ သ မချေး ငွေ)	လယ်ပုံစံ(၇)	(၈)လ	တစ်ရာကို ပြား(၆၀)		မရှိ
ပုဂ္ဂလိကဘဏ်	-	-	-	-	-
ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ					
အဖွဲ့အလိုက်ငွေစု /ငွေချေးအစီအစဉ်					
ငွေချေးပေးသူ					
အပေါင်ဆိုင်	ပစ္စည်း	၆	၃ ကျပ်	ရှိ	မရှိ
မိတ်ဆွေနှင့်ဆွေ မျိုးများ		အကန့် အသတ် မရှိ			-
အခြား	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေပြည်သူများငွေကြေးလက်လှမ်းမှီမှုနှင့် ရရှိနိုင်သည့် ဘဏ်လုပ်ငန်းတွင် အစိုးရစိုက်ပျိုးရေးဘဏ်၊ထွန်းတောက်သမဘဏ်၊ကျေးရွာအဖွဲ့အစည်းလိုက် ထွန်းတောက်သမအဖွဲ့အစည်းများ နှင့်ချိတ်ဆက်၍ ဤအဖွဲ့အစည်းများတွင် အတိုးနှုန်း(၁၀၀)လျှင်၁.၅ပြားနှုန်း၊စိုက်ပျိုးရေးဘဏ်တွင်(၁၀၀)လျှင် (၆၀)ပြားနှုန်းဖြင့် ချေးယူအသုံးပြုနိုင်ပါသည်။အပေါင်ဆိုင်တွင်၎င်း အတိုးနှုန်း(၃)နှုန်း မိတ်ဆွေ၊ဆွေမျိုးများတွင် လည်းရက်အကန့်အသတ်မရှိ၊အခက်အခဲမရှိ ချေးယူအသုံးပြုလျှက်ရှိပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	လတ်	မြေဆီ၊ရေဆီ၊ခမ်းခြောက်လို့
အပင်မျိုးစိတ်များ	လတ်	ဆေးသိုလှောင်မှုမရှိ
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	လတ်	ပိုးသတ်ဆေးဖြန်း
ရေရင်းမြစ်	နိမ့်	ချောင်းရေ
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	နိမ့်	ကန့်သတ်နေရာထားရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ မြေဆီဩဇာအခြေအနေအန္တရာယ်ရှိမှုမှာ မြေဆီရေဆီခန်းခြောက်သောကြောင့် အသင့်အတင့်ရှိနေပါသည်။မျိုးစေ့များကို ပိုးမွှားများမကူးစက်ရန် ဆေးသိုလှောင်ခြင်းမရှိသောကြောင့် အပင်မျိုးစေ့များအတွက် အန္တရာယ်ရှိပါသည်။ဖျက်ပိုးနှင့်ရောဂါ ကာကွယ်ထိန်းချုပ်မှုအတွက်ပိုးသတ်ဆေးများဖြန်းကြပါသည်။ရေရင်းမြစ်များအနေဖြင့်ချောင်းများဖြစ်သောကြောင့် အန္တရာယ်ရှိမှုနည်းပါးပါသည်။ စွန့်ပစ်ပစ္စည်းများကို ကန့်သတ်နေရာတွင် စွန့်ပစ်သောကြောင့် ကျေးရွာပတ်ဝန်းကျင်အန္တရာယ်ရှိမှုကင်းဝေးပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏%
စာမတတ်သူဦးရေ	၁၀	၂၀	၃၀	၂.၅၆%
ဘုန်းကြီးကျောင်းသင်ပညာရေး	၇၂	၂၅	၉၇	၈.၂၉%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၆၅	၉၁	၁၅၆	၁၃.၃၄%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၃၇၀	၂၈၀	၆၅၀	၅၅.၆၀%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၆၉	၈၀	၁၄၉	၁၂.၇၄%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၂၀	၃၅	၅၅	၄.၇၀%

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၁၂	၂၀	၃၂	၂.၇၃%
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	**၆၁၈**	**၅၅၁**	**၁၃၆၉**	**၉၉.၉၆%**

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာမတတ်သူဦးရေ ၃၀ ယောက်၊ဘုန်းကြီးကျောင်းသင်ပညာရေး ၉၇ယောက်၊မူလတန်းပညာရေးမပြီးဆုံးသူဦးရေ၁၅၁ယောက်၊မူလတန်းပညာရေးပြီးဆုံးသူဦးရေ ၆၄၆ယောက်၊ အလယ်တန်း ပညာရေးပြီးဆုံးသူဦးရေ ၁၄၃ယောက်၊အထက်တန်းပညာရေးပြီးဆုံးသူဦးရေ ၄၈ယောက်၊ တက္ကသိုလ်ပညာပြီးဆုံးသူဦးရေ ၂၈ယောက် ၉နှစ်နှင့်အထက်လူဦးရေ စုစုပေါင်းမှာ ၁၁၄၃ယောက်ဖြစ်ပါသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏
မူလတန်း(၅-၉နှစ်)	၇၈	၆၇	၁၄၅	**၁၀.၈၀%**
အလယ်တန်း (၁၀-၁၄နှစ်)	၅၂	၅၂	၁၀၄	**၇.၇၄%**
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၉	၁၇	၂၆	-
တက္ကသိုလ် ကျောင်းသား၊ သူ	၁၂	၂၁	၃၃	-

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ ကျောင်းတက်နှုန်းမှာ မူလတန်း ၁၄၅ယောက်၊အလယ်တန်း၁၀၄ ယောက်၊ အထက်တန်း ၂၆ ယောက်၊တက္ကသိုလ်ကျောင်းသား/သူ ၃၃ ယောက်ရှိပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း	
ရွာမှအကွာအဝေး(မိုင်)	ရွာတွင်း	မူလွန်ကျောင်း
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	မရှိ	
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	၁၂၀ ပေ၊ ၂၆ ပေ၊	
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး ၊အုတ်၊ကျောက်ခင်း	
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	လုံလောက်မှုမရှိ၊ ဖိခန်းတွဲရေလောင်းအိမ်သာ	
ကျောင်းအာဟာရတိုက်ကျွေးမှု	၁လတစ်ကြိမ်ဆန်ပြုတ်တိုက်	

အကြောင်းအရာ	မူလတန်းကျောင်း					
(အာဟာရအမျိုးအစားနှင့် ကြိမ်ရေ)						
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်		၈	၈			
ကျေးရွာခန့်	-	-	-			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစာသင်ကျောင်းမှာ ရွာအတွင်းတွင်ရှိပါသည်။အခြေခံပညာမူလတန်းလွန် ကျောင်းဖြစ်ပါသည်။အလျား ၁၂၀၊အနံ ၂၆ပေ၊အမြင့် အုတ်ညှပ်တစ်ထပ်ရှိသော ကျောင်းဆောင်တစ်ဆောင်ရှိပါသည်။သွပ်မိုး၊အုတ်ကာ ကျောက်ခင်းဖြင့်ပြုလုပ်ထားပါသည်။ကျန်တစ်ဆောင်မှာ အန္တရာယ်ကျောင်းအိုကြီးဖြစ်ပါသည်။ကျောင်းသုံးပရိဘောဂမှာ လုံလောက်မှုမရှိပါ။ကျောင်းအိမ်သာ အခြေအနေမှာ ၆ ခန်းတွဲ ရေလောင်းအိမ်သာဖြစ်ပါသည်။ကျောင်းအာဟာရတိုက်ကျွေးမှုမှာ တစ်လတစ်ကြိမ် ဆန်ပြုတ်တိုက်ပါသည်။ကျောင်းရှိ ဆရာမဦးရေမှာ ၈ယောက်ဖြစ်ပါသည်။အစိုးရခန့်များဖြစ်ကြပါသည်။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	ရာထူးရွှေ့ပြောင်းဆရာမများအစားထိုးမရောက်
တပည့် - ဆရာ အချိုး	၁:၃၀
မူလတန်းပညာ ကျောင်းထွက်နှုန်း	-
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	-
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	ပြည့်စုံ
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ရှိ
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	မရှိ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကူညီပံ့ပိုးမှုရှိ

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ ပညာရေးအခက်အခဲနှင့်ပြဿနာများမှာ ရာထူးတိုးရွှေ့ပြောင်းဆရာမများ အစားထိုးမရောင်၍ဆရာမ လိုအပ်နေပါသည်။တပည့်၊ဆရာ အချိုးမှာ ၁:၃၀ ဖြစ်ပါသည်။ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများမှာ အလှူရှင်များဖြည့်စွက်လှူဒါန်းပေး၍ ပြည့်စုံနေပါသည်။ဆင်းရဲသောမိသားစု

များရှိပါသည်။ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှုမရှိပါ။မိဘဆရာ အသင်း၏ အခန်းကဏ္ဍများ မှလည်း ကူညီပံ့ပိုးမှုရှိပါသည်။

(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက		√		မိုးရာသီအချိန်တွင်း
၂	သွေးလွန်တုပ်ကွေး		√		နွေမိုးစပ်ကြား(ခေတ္တ)
၃	ငှက်ဖျား		√		
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ			√	
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ		√		
၆	တီဘီ		√		
၇	ဆီးချို		√		
၈	သွေးတိုး	√			
၉	အသည်းရောဂါ (ဘီ၊ စီ)		√		
၁၀	အာဟာရချို့တဲ့မှု			√	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ		√		

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ။ ကျေးရွာတွင် အဖြစ်များသောရောဂါမှာ သွေးတိုးရောဂါဖြစ်ပါသည်။ကျန်ရှိသော ရောဂါများမှာ ရာသီဥတုအလိုက်အနည်းငယ်ဖြစ်ပွားပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

စဉ်	ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ		√	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့်		√	

စဉ်	ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
	အသည်းရောင် အသားဝါ			
၃	ပိုလီယိုရောဂါ	√		
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	√		
၅	ဝက်သက်ရောဂါ	√		
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	√		
၇	အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	√		
၈	အာဟာရပညာပေးအစီအစဉ်	√		

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှုမှာ တစ်လတစ်ကြိမ် ရှိပါသည်။အဆုတ်ရောဂါ၊ဆုံဆို့၊ကြက်ညှာ၊မေးခိုင်နှင့်အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးနှံမှုမှာမရှိပါ။ ပိုလီယိုရောဂါ၊မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း)၊ဝက်သက်ရောဂါ၊အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုရှိပါသည်။အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေး အစီအစဉ်များလည်းရှိပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	၁ မိုင်	လုံလောက်မှု မရှိ	ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု-	လုံလောက်မှုမရှိ၊	ကျန်းမာရေးဝန်ထမ်းလို အပ်ပါသည်။

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
			အရပ်လက်သည်-		
တိုက်နယ် ဆေးရုံ			ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-		
မြို့နယ် ဆေးရုံ			ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-		
ဆေးဆိုင်		-	ဆေးဝါးကျွမ်းကျင်သူ	လက်လှမ်းမှီမှု-- ဆေးဝါး-- သိုလှောင်ပုံစနစ်-- အအေးခန်းစနစ်--	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။ရွာနှင့်တစ်မိုင်ခန့် အကွာတွင် အုပ်စု ကျေးလက်ကျန်းမာရေးဌာနရှိပါသည်။သားဖွားဆရာမ/အရန်သားဖွားဆရာမများရှိပါသည်။ဆေးနှင့်ပတ်သက် သောအသုံးဆောင်ပစ္စည်းများလုံလောက်မှုမရှိပါ။ကျေးရွာတွင် သက်ကြီးရွယ်အိုများနှင့်ကိုယ်ဝန်ဆောင်အမျိုး သမီးများအတွက် ညရေးညတာအခက်အခဲများတွေ့နေရပါသည်။သို့ပါသောကြောင့် ကျေးလက်ဆေးပေးခန်း လို အပ်နေပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၁၂	ကောင်း	√	√	√	
အဝီစိတွင်း (စက်တပ်)	၁၃	ကောင်း	√	√	√	
အဝီစိတွင်း/တုံကင်	၁၇၅	ကောင်း	√	√	√	
ကန်	-					
မြစ်/ချောင်း	-					
မိုးရေသိုလှောင်ကန်	-					
စိမ့်စမ်းရေသွယ်တန်းခြင်း	-					
အခြား	-					

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ သောက်သုံးရေရရှိမှုမှာ ရေတွင်းအဝီစိတွင်းစက်တပ်/တုံကင်များမှ အဓိက ရရှိပါသည်။ရေကြောကောင်း နွေ၊မိုး၊ဆောင်း သုံးရာသီလုံး လုံလောက်မှုရှိပါသည်။

(၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၂၅၀	ကောင်း
ကျင်းအိမ်သာ	-	
မြေပေါ် အိမ်သာ	-	
တောထိုင်	-	
စုစုပေါင်း	**၂၅၀**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်သာ အမျိုးအစားများမှာ ယင်လုံအိမ်သာ များဖြစ်ကြပါသည်။ ကျန်းမာရေးအတွက် အိမ်သာများကိုသန့်ရှင်းအောင်ထားကြပါသည်။ရွာပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း ပြုလုပ်ကြပါသည်။

(၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု	√		သာသနာရေး၊ဘာသာရေး
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	√	-	လမ်းတံတားပြုပြင်ရေး
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	-	√	
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု		√	
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။..... ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှုရှိပါသည်။ သာသနာရေး၊ဘာသာရေးလုပ်ငန်းများ၌လည်းပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အနေဖြင့်လမ်းတံတားပြုပြင်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်း	၁	ဆိုး	၁၃၃၈	√		၃ မိုင်
ချဉ်းကပ်လမ်း	၁	ဆိုး	၁၃၃၈	√		၂ မိုင်ခွဲ
ရွာချင်းဆက်လမ်း	၃	ကောင်း	၂၁၀၄		√	
အခြား						

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ ရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းမှာ မြေသားလမ်းများဖြစ်ကြ၍ ရာသီဥတု အလိုက်ဆိုးသွမ်းမှုရှိပါသည်။၁၃၃စခုနှစ်မှ ပြုလုပ်ခဲ့သော လမ်းများဖြစ်ကြ၍ အချိန်ကာလ ကြာမြင့်သောကြောင့် ပွင့်လင်းရာသီ၌သာ အဆင်ပြေမှုရှိပါသည်။လမ်းအရှည်မိုင်များမှာ သုံးမိုင်နှင့်၂ မိုင်ခွဲရှိကြ၍ ပြုပြင်ရန် ရွာမှ မတတ်နိုင်ပါ။ရွာချင်းဆက်လမ်းမှာ ရွှေဘို-မြစ်ကြီးနားကားလမ်းမကြီးဖြစ်၍ တစ်နှစ်ပတ်လုံးအဆင်ပြေပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	-				
ကွန်ကရစ်တံတား				-	
ကြိုးတံတား	-				
ရေပြွန်	၂ ပေခွဲ/၁၂ ပေ	ဆိုး	၂၀၁၁		√
အခြား	၇	ကောင်း	၂၀၀၁		√

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ တံတားတည်ရှိမှုမှာ ရေပြွန်သာရှိပါသည်။အခြားတံတားအမျိုး အစားအနေဖြင့် ကွန်ကရစ်တံတားရှိပါသည်။

(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-			
ပင်လယ်ရေကြောင်း	-			
အခြား	-			

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သဘော်

လေ့လာတွေ့ရှိချက်။ ။ ရေကြောင်းသွားလာ အသုံးပြုမှုမရှိပါ။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၈၇	၂၀၇	၆/၁၁	၅	-	၁၃၁

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊မော်တော်ဆိုင်ကယ်နှင့်သုံးဘီးဆိုင်ကယ်များရှိကြပါသည်။ထော်လာကျီနှင့်ကားများရှိကြ၍ ဝန်ဆောင်မှုလုပ်ငန်းများကို တွင်ကျယ်အောင်ဆောင်ရွက်နိုင်ကြပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း			
ဆိုလာစနစ်			
အသေးစားရေအားလျှပ်စစ်	၂၅၀	သင့်	မရှိ
ဒီဇယ်သုံးအင်ဂျင်	-		
လေစွမ်းအင်	-		
ဇီဝလောင်စာ	-		
အခြား			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ လျှပ်စစ်မီးရရှိမှုမှာ အသေးစားရေအားလျှပ်စစ်(၀လိုင်ဂျောင်)မှရရှိပါသည်။ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါသည်။လောလောဆယ်မီးရရှိမှုမှာ အခက်အခဲမရှိပါ။

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၃၆၉	၃၇	၁၈၅	၉၆	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့်ဖုန်းများပေါများ၍ အဆင်ပြေစေပါသည်။သတင်းအချက်အလက်နည်းပညာများသိရှိရန် ရေဒီယို၊တီဗွီ၊ဂြိုလ်တုစလောင်းများပေါများ၍ အဆင်ပြေစေပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများတွင်ကူညီခြင်း
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	အမျိုးသမီးဝတ်ရွတ်အသင်း
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	မရှိ
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု	ရှိ

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေများမှာ လူမှုရေးလုပ်ငန်းများဖွဲ့စည်း၍ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ကူညီနေကြပါသည်။ဘာသာရေးလုပ်ငန်းများအနေဖြင့် အမျိုးသမီးဝတ်ရွတ်အသင်းရှိပါသည်။အားကစားပစ္စည်းများအားလက်လှမ်းမီမှုမရှိပါ။ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများလုပ်ကြပါသည်။ရိုးရာယဉ်ကျေးမှုနှင့်ထိန်းသိမ်းရေးတွင် အမျိုးသမီးများ မြန်မာဝတ်စုံဝတ်၍ ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းကြပါသည်။စာကြည့်တိုက်၊အင်တာနက် စသည်များ လက်လှမ်းမှီမှုရှိပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	မရှိ(ဖုန်းအဆက်အသွယ်)
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	ပြည်သူ့စစ်
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိ
ရဲစခန်းများအား လက်လှမ်းမီမှု	လွယ်ကူ
အခြား	-

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦး မရှိ၍ ဖုန်းများဖြင့်ဆက်သွယ်ကြပါသည်။ကျေးရွာ ဘေးကင်းလုံခြုံရေးအတွက် ပြည်သူ့စစ်အဖွဲ့အစည်းရှိပါသည်။ရာဇဝတ်မှုများအတွက် ရဲစခန်းများအား လက်လှမ်းမှီစွာဖြင့်လွယ်ကူစွာသွားရောက်နိုင်ပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်	စိုးရိမ်	စိုးရိမ်	စိုးရိမ်	စိုးရိမ်

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုအခြေအနေများမှာ မူးယစ်ဆေးသုံးစွဲမှု ပိုမိုများပြားနေပါသည်။ဇင်းနှင့်ပါတ်သက်၍ ခိုးမှုများမှာ စိုးရိမ်ရပါသည်။အင်တာနက်အသုံးပြုမှုတွင် လွဲမှားသောနည်းလမ်းများနှင့်အတွေးအခေါ်များကြောင့်လူငယ်များအတွက်လူကုန်ကူးမှုများစိုးရိမ်ရပါသည်။

နောက်ဆက်တွဲ ၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
• သဘာဝအရင်းအမြစ်များ	သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပြီးရောင်းချနိုင်သည်။ စပါး၊ နှမ်း၊ ငှက်ပျော ၊ကွမ်း နှင့် သရက်တို့ ကိုအဓိကစိုက်ပျိုးကြပြီး၊ ငပြောင်ဆည်မှ တစ်နှစ် ပတ်လုံး ဆည်ရေ ရရှိနိုင်ကြခြင်းသည် သီးနှံ စိုက်ပျိုးမှုအား လွန်စွာအထောက်အကူဖြစ်စေပေသည်။ ကုလ ကျေးရွာမှ စိုက် ပျိုးသော နှမ်းအမျိုးအစားမှာ ထိုဒေသ တစ် ဝိုက်နှင့် နေပြည်တော်အထိပါ အောင်မြင် ကျော် ကြား မှုရှိပေသည်။
• နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက်	ငါးမိုင်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး၊ မန္တလေး-မြစ်ကြီးနားသွားလမ်းပေါ်တွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ အထူးကောင်းမွန်မှုရှိပြီး၊ တစ်နှစ် ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။
• ရပ်ရွာတည်ငြိမ်အေးချမ်းမှု	ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်း

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	မှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။
• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာအတွင်းတွင်ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ အတော်အသင့်ရှိပြီး၊အဖွဲ့များဇ။ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ပြင်ပ ပုဂ္ဂလိ က ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး၊ထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက် ရန် လွန်စွာအထောက်အပံ့ကောင်း များဖြစ် စေပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှ လည်း စိုက်ပျိုးရေး နှင့်ပတ်သက်သောနည်းပညာပေးစံပြစိုက်ကွက်များလည်းကျေးရွာတွင်စိုက်ပျိုး ထားခြင်းသည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်းစနစ်များ အား အချိန်နှင့် တစ်ပြေး ညီရရှိစေသည်။
• ဆက်သွယ်ရေး	ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင် တာ နက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်း မွန်ပြီး အခြားသတင်းအချက် အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။
• ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ	ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း သံရွာတိုက်နယ်ဆေးရုံ၊ မင်းစုတိုက်နယ်ဆေးရုံနှင့် ကျောက် ဆည်ဆေးရုံများသို့ သွား ရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။
• ကျေးရွာလျှပ်စစ်မီး	ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာ သည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့် သတင်းအစုံအလင်အားတီဗွီဖန် သားပြင်မှကြည့်ရှုနိုင်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးလာရေးအတွက် အထောက် အကူ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	ပြုနေသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတား စိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်အား ပြိုင်မှုအချို့ ရှိနေ ကြောင်း တွေ့ရှိရသည်။ ပူးပေါင်းပါဝင် ဆောင် ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင် ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်း ကြောင်း တွေ့ ရှိရသည်။
• သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲ မှု ကန့်သတ်ချက်များ	စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ် မြေရိုင်း များ ထပ်မံ မတိုးချဲ့ နိုင်တော့ ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ် မှု တိုးမြှင့်ရန်ဆောင်ရွက်ကြသည်။
• ကျန်းမာရေးဝန်ဆောင်မှု	ကျေးလက်ကျန်းမာရေးဌာ နနှင့် ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (သံရွာတိုက်နယ် ဆေးရုံ၊ မင်းစုတိုက်နယ်ဆေးရုံနှင့် ကျောက်ဆည်ဆေးရုံများ သို့) သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိပေသည်။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁						
	• ကျန်းမာရေးဆေးပေးခန်းမရှိခြင်း	• ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးအခက်အခဲဖြစ်ခြင်း	• မြေနေရာရှိခြင်း • လူဦးရေအိမ်ခြေများခြင်း	• ညရေးညတာ အခက်အခဲဖြစ်ခြင်း၊ဆေးခန်းနှင့်အလှမ်းဝေးခြင်း၊ကျန်းမာရေးဗဟုသုတများနည်းပါးခြင်း	• ကျန်းမာရေးဦးစီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း	- ကျေးလက်ဆေးပေးခန်းရရှိရန်
၂						
	• အမျိုးသမီးလက်မှုပညာတတ်မြောက်အားနည်းခြင်း	• စားဝတ်နေရေးအတွက်ခက်ခဲစွာရှာဖွေနေရခြင်း	• ပညာရေးဆုံးခန်းတိုင်အောင်မနေရသောအမျိုးသမီးငယ်များများပြားခြင်း	• အတတ်ပညာလေ့လာမှုအားနည်းခြင်း၊ လက်မှုပညာသင်ရန်အချိန်နှင့်ငွေမပေးနိုင်ခြင်း	• လက်မှုပညာသင်တန်းများပေး၍ သင်တန်းချိန်အတွင်းထောက်ပံ့ပေးခြင်း၊ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း	○ အမျိုးသမီးလက်မှု ပညာတတ်မြောက်မှုအားကောင်းရန်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃						
	• လူငယ်များမူးယစ်သုံးစွဲမှုများပြား၍ စွမ်းဆောင်ရည်များမရှိခြင်း	• ကျေးရွာတွင် မူးယစ်ဆေးလက်လီလက်ကားရောင်းဝယ်မှုများ များပြားခြင်း၊ အားကစားပစ္စည်းများမရှိခြင်း၊အားကစားကွင်းအခက်အခဲရှိခြင်း	• ငယ်ရွယ်သော လူငယ်များဖြစ်ကြခြင်း	• မူးယစ်ဆေးအသိပညာပေးဟောပြောပွဲ များမရှိခြင်း၊လူငယ်ပြုပြင်ရေးသင်တန်းကျောင်းများမရှိခြင်း၊အားကစားလိုက်စားမှုအားနည်းခြင်း	• ဥပဒေနှင့်အညီထိရောက်စွာအရေးယူဆောင်ရွက်ခြင်း၊ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊အားကစားအဖွဲ့အစည်း၌ လက်တွဲခေါ်ယူခြင်း၊ အလုပ်အကိုင်များဖန်တီးပေးခြင်း	–မူးယစ်ဆေးတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ အရေးယူပေး၍အားကစားကဏ္ဍမြှင့်တင်ပေးရန်
၄	• လူငယ်များရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းမှုအားနည်းခြင်း	• ယဉ်ကျေးမှု တူရိယာပစ္စည်းများမရှိခြင်း	ငယ်ရွယ်တက်ကြွသော အမျိုးသား၊ သမီးများ များပြားခြင်း၊အပျိုလူပျို အဖွဲ့ အစည်းရှိခြင်း	• တူရိယာပစ္စည်းများ ဝယ်ရန်ငွေကြေးရန်ပုံငွေ မရှိခြင်း၊လူငယ်များစည်းလုံးမှုအားနည်းခြင်း၊လမ်းမှားလိုက်ခြင်း	• ယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီဖွဲ့ခြင်း၊လူငယ်များစည်းလုံးစွာပါဝင်ဆောင်ရွက်ခြင်း	–ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းမှုအားကောင်းရန်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	• ကျပန်းအလုပ်သမားများအလုပ်အကိုင်ရှားပါးခြင်း	• စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဖွံ့ဖြိုးတိုးတက်စွာ မလုပ်ဆောင်နိုင်ကြ၍ ကျပန်းများဝင်ငွေရအလုပ်အကိုင်နည်းပါးခြင်း	• ကျပန်းလုပ်ကိုင်သူဦးရေများပြားခြင်း	• ရင်းနှီးမြှုပ်နှံမှုငွေကြေးမရှိခြင်း	• ဒေသလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စွာလုပ်ဆောင်ခြင်း၊အခကြေးငွေပေးချေငွားသောလုပ်ငန်းရှင်များ များပြားခြင်း	အလုပ်အကိုင်အခွင့်အလမ်းများများပြားလာစေရန်
၇						
	• ကျပန်းအလုပ်သမားအိမ်ထောင်စုများစားဝတ်နေရေးကြပ်တည်းခြင်း	• နေ့စားလုပ်အားခနည်းခြင်း၊ကျွမ်းကျင်မှုနည်းပါးခြင်း၊ဝင်ငွေရအလုပ်အကိုင်များနည်းပါးခြင်း	• လုပ်အားရှိခြင်း၊အသက်မွေးမှုပညာတတ်မြောက်ချင်စိတ်ရှိခြင်း၊ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ရန်လွယ်ကူခြင်း	• ဝင်ငွေနည်းခြင်း၊ အလုပ်ရွေးချယ်စရာမရှိခြင်း၊ ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း	• အသက်မွေးဝမ်းကြောင်းပညာများသင်ကြားပေးခြင်း၊ သင်တန်းချိန်အတွင်းနေ့စဉ်လုပ်အားခပေးခြင်း၊ကျေးလက်ဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း	ကျပန်းများအတွက် အသက်မွေးဝမ်းကြောင်းပညာများသင်ကြားပေး၍ စားဝတ်နေရေးကြပ်တည်းခြင်းကိုဖြေရှင်းနိုင်ရန်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၈						
	• ကျောင်းတွင်ဆရာမ၊ကျောင်းသုံးပရိဘောဂ၊ကျောင်းမိုးပါးခြံစည်းရိုး၊ အိမ်သာများလိုအပ်ခြင်း	• ရာထူးတိုး၊လွှဲပြောင်းဆရာမများအစားထိုးမရောက်ခြင်း၊ကျောင်းသားလူဦးရေတိုးလာခြင်း၊ ကျောင်းရန်ပုံငွေမရှိခြင်း	• ဘွဲ့ရအလုပ်လက်မဲ့များ၊လက်သမား၊ ပန်းရံလုပ်သူများရှိခြင်း	• ကျေးရွာရန်ပုံငွေနည်းပါးခြင်း၊မိဘ၊ဆရာ၊ကျောင်းကော်မတီဝင်များ ချိတ်ဆက်မှုအားနည်းခြင်း	• ပညာရေးဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အလှူရှင်များဖိတ်ခေါ်ခြင်း၊ကျောင်းကော်မတီဝင်များ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း	• ကျောင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်
	•					
	• ကျေးရွာတွင်းလမ်းများပျက်စီးခြင်း	• မိုးတွင်းအခါမြေသားလမ်းဖြစ်၍ လမ်းများပျက်စီးခြင်း၊လမ်းများညီညာမှုမရှိခြင်း	• ချောင်းတွင်သဲကျောက်များအလွယ်တကူရရှိနိုင်ခြင်း၊လုပ်သားအင်အားများရှိခြင်း၊ သယ်ယူပို့ဆောင်ရန်အတွက်ကားများရှိခြင်း	• ကျေးရွာတွင်ရန်ပုံငွေများမရှိခြင်း၊လမ်းရေနုတ်မြောင်းများမရှိခြင်း	• ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနများနှင့်ချိတ်ဆက်၍ပူးပေါင်းဆောင်ရွက်ခြင်း၊ အလှူရှင်များကိုဖိတ်ခေါ်ခြင်း	• ကျေးရွာတွင်းအဆင့်ဖြင့် ကျောက်ချောလမ်း၂မိုင် ကို လုပ်ဆောင်ပေးရန်
	•					
	• တံတားအသစ် လို	• ၁၃၈၉ ခုနှစ်တွင်ဗိုလ်	• ချောင်းရှိခြင်း၊သဲ	• ရန်ပုံငွေအခက်အ	• ကျေးရွာမှဌာနဆိုင်	• တံတား ၅ စင်းအသစ်တည်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	အပ်ခြင်း	မှူးချစ်မောင်ဖွင့်ထားသည့်ကွက်သစ်တွင် တံတားများမရှိခြင်း	ကျောက်များရရှိနိုင်ခြင်း၊လုပ်သားအင်အားများရှိခြင်း၊ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ရန်လွယ်ကူခြင်း	ခဲရှိခြင်း	ရာများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ကျေးလက်ဦးစီးဌာနမှရန်ပုံငွေများချပေးခြင်း	ဆောက်နိုင်ရန်
	•					
	• မွေးမြူရေးလုပ်ငန်းဆိုင်ရာများမတိုးတက်ခြင်း	• စားကျက်နေရာနည်းပါးခြင်း၊မွေးမြူရေးဗဟုသုတများမရှိခြင်း၊မွေးမြူရေးဆိုင်ရာလေ့လာမှုအားနည်းခြင်း	• မြေနေရာအပိုင်များရှိခြင်း၊မွေးမြူရေးလုပ်ငန်းစိတ်ဝင်စားသူများပြားခြင်း	• ရင်းနှီးငွေများအခက်အခဲရှိခြင်း၊မွေးမြူရေးလုပ်ငန်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	• ရင်းနှီးငွေများအတိုးနှုန်းသက်သာစွာဖြင့်ချပေးခြင်း၊မွေးမြူရေးလုပ်ငန်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	• မွေးမြူရေးလုပ်ငန်းဆိုင်ရာများတိုးတက်ရန်
	•					
	• စိုက်ပျိုးရေးအတွက် ရေသွင်းမြောင်းအခက်အခဲရှိခြင်း	• ကွင်းအမှတ်၁၉၀(ခ) ကွင်းဘက်သို့မြောင်းသီးခြားမရှိ၍ရေလုံးဝမရခြင်း	• လုပ်သားအင်အားရှိခြင်း၊ရေရရှိရန်ပင်မဆည်ဟောင်းရှိခြင်း၊ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ရန်လွယ်ကူခြင်း	• မိုးရေခံဖြစ်ခြင်း၊ရန်ပုံငွေမရှိခြင်း၊ဆည်မြောင်းဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	• ဆည်မြောင်းဦးစီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊လယ်သမားများအဖွဲ့ဖွဲ့၍ စည်းလုံးစွာဆောင်ရွက်ခြင်း	• အမှတ်၁၉၀(ခ)ဘက်သို့ရေသွင်းမြောင်းရရှိရန်

ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက ကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊